# ဘာနဲ့မှ မလဲနိုင်ပါ (၇)

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့။ ကျွန်တော့်ဘဝ မွန်းတိမ်းပိုင်းကာလမှာ ကျွန်တော် ရင်အခုန်ရဆုံးနေ့၊ အမျှော်လင့်ရဆုံးနေ့တစ်နေ့ ဖြစ်၏။

ဆေးတက္ကသိုလ် (၁) မှ ၁၉၇၉-ခုနှစ် မတ်လတွင် ဘွဲ့ရသူများ၏ ငွေရတု အခမ်းအနား ပြန်လည်တွေ့ဆုံပွဲကို ကျင်းပရန် အကြိမ်ကြိမ်စည်းဝေး စီစဉ်ခဲ့ကြသည်။ အားလုံး တက်တက်ကြွကြွ မဖြစ်ဖြစ်အောင် လုပ်ကြမည်ဟု ဆုံးဖြတ်ကြသည်။ တစ်ခုပဲ နည်းနည်း သဘောကွဲလွဲကြသည်။

သူငယ်ချင်းများအားလုံး ဒီမှာမရှိကြ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်သာမက အထက်အောက် အရပ်များသို့ပါ ပြန့်သူတွေ ပြန့်နေကြသည်။ အထက်အရပ်နှင့် အောက်အရပ်တို့၌ ရှိကြကုန်သော အနန္တမိတ်သဟာတို့ အတွက်က ပြဿနာမရှိ၊ ပြုပြုသမျှ ကုသလတို့ကို အမျှအတမ်းဝေလိုက်ရုံပင်။ ဒါပေမယ့် ရပ်ဝေးမြေခြား ချစ်ဆွေများအတွက် ဖိတ်စာဝေဖို့ကျတော့ ခက်သည်။ သူတို့ကလည်း သည်ပွဲကို ရွှေစိထိုးလာချင်နေကြသည်။ ဒါပေမယ့် ခက်နေတာက ‘ဗကေးရှင်း’ဟု ခေါ်သော အားလပ်ရက်။

ထို့ကြောင့် အစပိုင်းတွင် တချို့ဒီဇင်ဘာမှာ ကျင်းပချင်ကြသည်။ တချို့ကျတော့လည်း တကယ်ဘွဲ့ရသော ရက်ကျမှ ‘တူးပို့၊ တူးပို့’ ချင်ကြသည်။ ငွေရေးကြေးရေးကိစ္စမှာ တစ်ယောက်တစ်သောင်း သတ်မှတ်သည်။ ဒါက ကိစ္စမရှိ။ အားလုံးသည် ဂေါ်ဇီလာမဟုတ်တောင် ဒိုင်နိုဆောလောက် အကောင်ကြီးတွေ ဖြစ်ကြသည်။ တစ်ယောက်တစ်သောင်းဆိုလျှင် သိန်းသုံးဆယ် ကျော်ရမည်။ သုံးစမ်းပါလေ့။

ထို့ကြောင့် နှစ်ပွဲခွဲလုပ်မည်တဲ့။ လုပ်ချင်လုပ်ကြပေါ့။ သည်ပွဲမှာ ကျွန်တော်က ဦးစီးကျင်းပသူမဟုတ်၊ နောက်လိုက်ဖြစ်သည်။ သူဌေးမကြီး ဒေါက်တာခင်မေစု၊ ဟိုတယ်ပိုင်ရှင်ကြီး ဒေါက်တာမောင်မောင်ဦး၊ ဗိုလ်မှူးကြီး မောင်မောင်ကြီး၊ ဗိုလ်မှူးကြီး ဒေါက်တာကျော်စိုးထွန်းတို့က ဒါရိုက်တာကြီးတွေ မဟုတ်ပါလား။

ထုပ်လုပ်သူတွေပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဒေါက်တာ မောင်မောင်ဦး၊ အရပ်ရှည် လျှာရှည်ရုံမက လက်တန်ရှည် အရာရောက်သော ခင်မေစုတို့၏ ဆုံးဖြတ်ချက်အရ ဒီမှာရှိနေသူတို့အတွက် ဒီဇင်ဘာလ ၇ ရက် နေ့မှာ တစ်ပွဲ၊ ဒါက ရိပ်သာဇယ်အစမ်းပွဲ၊ ဆောင်းနှင်းမြူတို့နှင့်အတူ ရောက်မလာနိုင် သူများအတွက် တန်ခူးလေနှင့်အတူ သင်္ကြန်မိုးလေး ကို တစ်ခါရွာခိုင်းဦးမည်။ ဒါကမှ လူစုံတက်စုံ ဝတ်စုံပြည့် ကတယ့်ရိုက်တဲ့ပွဲ။ အဲ့သည်ကျမှ ဖိုက်. . သရီး. . တူး. . ဝမ်း အက်ရှင်၊ မီးကုန်ယမ်းကုန်ကဲ နွှဲ။

♦♦♦

အိမ်ဦးနတ်ကြီးမို့ မပြောရဲလို့သာ၊ ဒီဇင်ဘာလ ၆ ရက်နေ့ည ကျွန်တော် ရန်ကုန်ဆင်းဖို့ ပြင်ဆင်တော့ မိန်းမမျက်နှာက စူပုပ်ပုပ်အောက်သိုးသိုး။ အခါတိုင်းလို ဝတ်ငါးအင်ပြည့်ဝသော 'တော်လေးဝ' ပီသစွာ ဒီပုဆိုးနဲ့ ဒီအင်္ကျီတွဲဝတ်၊ မျက်နှာသုတ်ပဝါက ဘေးအိတ်ထဲမှာ၊ ရေသန့်ဘူးလည်း ထည့် ထားတယ်ဆိုတာမျိုးတွေ လာလုပ်မပေး။ လုပ်နေတာက အနားမှာလာပြီး ဗျစ်တီး ဗျစ်တောက်နှင့်။ လက်ဆောင်ပစ္စည်းချင်းလဲရန် ကျွန်တော်ပေးမည့် လက်ဆောင် ထုပ်ကို ပက်ကင်ထုပ်နေရသဖြင့် သူ့ကို ကျွန်တော်ခွန်းတုံ့မပြန်အားပါ။

"နေစမ်းပါဦး၊ တော့်ယောက်ဖတွေ၊ တော့်ဟာမတွေက ဘယ်လောက် များ အရေးကြီးနေလို့လဲ"

"ဟ. . . မတွေ့ရတာ ကွဲသွားကြတာ နှစ်အစိတ်တောင် ရှိပြီကွ၊ ဘာလဲ နှစ်အစိတ်တောင် ရှိပြီကွ၊ ဘာလဲ ငါ့ကို တော်တော်ချစ်နေလား။ သန်ဘက်ခါ ပြန်ရောက်မယ့်ဟာကွာ၊ ဒီလောက်လေးတောင် လင်ကို မခွဲနိုင် ဘူးလား"

"ဝေးလိုက်တာ၊ သမီးကိုယ်ပူနေတာကို ခမည်းတော် ဆရာဝန်ကြီး က နဖူးတစ်ချက် လာမစမ်းဘူးလား၊ သန်ဘက်ခါ ပြန်လာပြီးတော့ကော ရှင့်အလုပ်တွေက ပြတ်ပြီလား၊ တော်ကြာ AIDS၊ တော်ကြာ ဗွီဒီယိုရိုက်ဖို့ ကိစ္စ၊ တော်ကြာ စာရေးဆရာ သက်ကြီးပူဇော်ပွဲ. . ၊ ရှင်မှာ မယားအနားနေချိန်

ကော ရှိရဲ့လား"

"ဟ. . မိန်းမရ။ ဒါမျိုးက လူတိုင်းလုပ်လို့ရတဲ့ ကိစ္စလား၊ မင်းဂုဏ်ယူလိုက်စမ်းပါ"

"မယူနိုင်ဘူးတော်ရေ့၊ ရှင့်အနားမှာနေချင်လို့ ရှင့်ကိုယူတာ၊ ဂုဏ်အနားမှာနေချင်လို့ မဟုတ်ဘူး"

"ဟဲ. . ဟဲ. . သမီးနာမည်က ခင်မဒ္ဒီ။ အမေက လင်နဲ့မခွဲနိုင်တဲ့ ကိန္နရီစိတ်ပေါက်နေပြီ"

"ရုပ်ကြမ်းကြီးနဲ့ လာနုမနေနဲ့၊ ကိန္နရီစိတ်တော့ မပေါက်ဘူး၊ ရှင့်ကိုဟောသည်လို ဟောသည်လို ဆိတ်ဆွဲချင်စိတ်ပဲ ပေါက်တယ်"

နောက်ဆုံးတော့ ကျွန်တော့်အနားရောက်လာပြီး ကျွန်တော့်ကိုဆိတ်ဆွဲတော့၏။ သည်လိုပဲ ဖြစ်ရမယ်လေ၊ သည်ခြံတွင်လိုက်တာက သည်ယုန်အနား ရောက်လာအောင်လို့။ မိန်းမလက်ကိုချုပ်ရင်း၊ ပခုံးကိုဖက်ရင်း၊ ခါးကိုဆွဲရင်းနှင့် အဝတ်သေတ္တာတင်ထားသော ခုတင်ပေါ်သို့ လဲကျသွား၏။ မတော်တမင် လုပ်လိုက်တာပါ ခင်ဗျာ။ ပြီးတော့ သိတဲ့အတိုင်းပေါ့။ ဒါပါပဲနော်။ ဆင်ဆာခန်းတွေပါနေလို့ပါ။ နောက်ဆက်တွဲက. .

"ကိုကို. . ကိုကို့အသက်က ငါးဆယ်ကို ငါးလစွန်းပြီနော်၊ ကိုယ့်ကိုကို ကာလသားလေး ထင်မနေနဲ့"

"အဲဒါကြောင့် သွားချင်တာပေါ့ မိန်းမရယ်၊ နောက်ဆုံး အစည်းအဝေးမှာတုန်းက စာရင်းကောက်ကြည့်တာ သေတဲ့လူ ၁၄-ယောက် တောင်ရှိသွားပြီ။ ငါ့အလှည့်ကော ဘယ်တော့လဲ. . ဘယ်သူမှ မသိနိုင်ဘူး"

"တော်စမ်းပါ၊ နမိတ်မရှိ နမာမရှိ"

"ဘယ့်နှယ် နမိတ်မရှိရမှာလဲ၊ Dr.Wayne W. Dyer ရေးတဲ့ စာအုပ်ထဲမှာ"

"တော်တော့. . . ရှင့်တရားတွေ၊ တော်ဖလာ၊ ဖုကူယာမ၊ ဟေဂယ်လ် Lateral Thinking ဆိုတာတွေ လာတော့မယ်။ ပြောပေါင်းများလို့ ရိုးနေပြီ။ ညာတာပါတေးနဲ့ ဖက်ထားတဲ့ ရှင့်လက်ကိုလည်း ဖယ်၊ အဝတ်ဘယ်နှစုံ ထည့်ပေးရမှာလဲ"

ဒါပဲပေါ့၊ ပြီးပြီပေါ့။ ကျော်စွာဆိုတဲ့ ကျွန်တော်ချော့လို့ မပျော့တဲ့ မိန်းမ၊ အာစီယံမှာ မမွေးသေးပါဘူးလို့။

"ဒီမှာ ကာလသားခေါင်းကြီး၊ တော့်ဟာမတွေနဲ့ ပြန်လည်ဆုံဆည်းကြမယ် အချစ်ရယ်၊ အသက်ရယ်ဆိုတာတွေကို ငါးဆယ်ကျော်မှ အရှက်မရှိ၊

လုပ်ချင်လုပ်၊ No ဂရု။ ဟွန်း. . ယောက်ဖတွေ အတူတူသောက် မူးကြမယ် ကွယ်ဆိုရင်တော့ ရှင်မလွယ်ဘူး”

“မိန်းမရာ ငါကတိပေးပြီးသားပါကွာ။ အရက်နဲ့ အဆိပ်ရွေးခိုင်းရင်တောင် ငါက အဆိပ်ကိုသာ မျက်စိမမှိတ် မျိုချမယ့်ကောင်ပါကွ။ ရေခဲလေးနဲ့ အားဖြည့်အချိုရည်လေးတော့ ရောပေးနော်အချစ်”

ကျွန်တော် ဘယ်တော့မှ ရိုးအီသွားမည်မဟုတ်သော ဝိုင်းစက်စက်၊ စိုတောက်တောက်၊ လက်လက်ဝင်း ရွှန်းရွှန်းလဲ့နေသည့် မျက်ဝန်းအစုံကို ဝိုင်းရံထားသော ရှည်ရှည်ကော့ကော့ မျက်တောင်တို့ဖြင့် ပြီးအပ်လေသည့် ချစ်ရည်ရွှန်းလဲ့ မျက်စောင်းနုနု မူနွဲ့နွဲ့လေးတို့သည် အခု အသက်ငါးဆယ်ကျော်နေသည့်တိုင် ယုံပါ ရင်သို့တိုးဝှေ့ဆဲပါ။

တကယ်တော့ မိန်းမ မကျေမနပ် ဖြစ်နေရသည့်ကိစ္စမှာ သူ့အလွန်သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် စက်တင်ဘာလ တစ်လလုံးလုံး တောတွင်းတောင်ပေါ် တစ်နေရာစီမံကိန်း ရထားလမ်းဖောက်လုပ်ရာတွင် တာဝန်ကျခဲ့၏။ ထိုဒေသတွင် မိုးထဲရေထဲ၊ တောထဲတောင်ပေါ် ဘယ်လိုပုံဘယ်လိုပန်းတွယ်ကွယ်ရယ်လို့ ဖွဲ့နွဲ့ကာ ကြမ်းတမ်းတဲ့ဇာတ်ကို လွမ်းမပြတော့ပါ။ အောက်တိုဘာ ၆-ရက်နေ့ ကျွန်တော်အိမ်ပြန်ရောက်တော့ ကိုယ်အလေးချိန် ရှစ်ပေါင်တိတိကျသွား၏။

အိမ်ရောက်ပြီးနှစ်ရက်တည်း (မိန်းမကို) ဖက်ရသေးသည်။ ကျွန်တော့်လက်အောက်က ဝန်ထမ်းတစ်ယောက် အိမ်အမိုး တက်မိုးတာ ပြုတ်ကျပြီး မတော်ရာကို ငုတ်ထိုးမိသဖြင့် မီရာရထားဖြင့် ရန်ကုန်ဆင်းခဲ့ရပြန်၏။ သူ့လစာကလေးနှင့် သူ့မိသားစုဝင်များနှင့် ရန်ကုန်မှာ ဆေးရုံ ဆေးရုံတက်သည့် စရိတ်နှင့်။ ထို့အတွက် မည်သူ့တွင် တာဝန်ရှိသနည်း။

ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှုဟူသော ဂုဏ်အင်္ဂါခြောက်ခုနှင့် အလွန့်အလွန် ပြည့်စုံချင်နေသည့် လူကြီးမင်း ကျွန်တော့်တွင်သာ တာဝန်ရှိပါသည်။ တာဝန်ရှိသော်လည်း ငွေမရှိ၍ အိုကြီးအိုမ အမေ့ဆီသို့ ပြေးတောင်းရပါသည်။ Money ဆိုသော စကားသည် Mother ထံမှ ဆင်းသက်လာသည်ဟု ထင်ပါသည်။ အမေမရှိ ငွေရှိ၊ အမိုးရှိ အကျိုးရှိသည် မဟုတ်ပါလော။

လုပ်သားဆေးရုံကြီးမှာ ဆယ်ရက်ကြာခဲ့သည်။ အိမ်ပြန်ရောက်ပြီး လေးရက်အကြာ။ ရန်ကုန်ရုံးချုပ်မှ ကျွန်တော့် Boss အစ်ကိုကြီးက ကြေးနန်းဖြင့် ခေါ်ပြန်သည်။ အရေးကြီး အလျင်အမြန်၊ တိကျ မှန်ကန် မြန်ဆန်။ ဟုတ်ကဲ့

သူ့ဆန်စား၍ ရဲရပါသည်။ ကျွန်တော်က ကျော်စွာမဟုတ်၊ ဇော်ဝမ်းပဲ၊ စေလိုရာစေလေ။

ကိစ္စက ၁၉၉၈၊ လွန်ခဲ့သော ထောင်စုနှစ်ကတည်းက ကျွန်တော်အား တာဝန်ယူထားသည့် ပညာပေးဇာတ်လမ်းအား တာဝန်ပေးထားသည့် AIDS ဇာတ်ပညာပေးဇာတ်လမ်းအား အထက်က ရိုက်စေသတည်းတဲ့။ ငါးနှစ်ဆိုသည်မှာ AIDS တကယ်ဖြစ်လျှင် သေမည်ဆိုက သေနိုင်သော အချိန်ကာလဖြစ်၏။ ပညာပေးဇာတ်လမ်းဆိုတော့ တိတိကျကျဖြစ်အောင် တကယ် သေ၊ မသေ စောင့်ကြည့်သင့်တာပေ့ါ။ နော့လေ။

မင်းသားရွေး၊ မင်းသမီးရွေးပြင်တာ ဆင်တာနှင့် နောက်သုံးလေးလကြာမှ ရိုက်ဖြစ်ပါမည်။ သို့သော် Boss အစ်ကိုကြီးက ရယ်ရွှင်ပြုံးတုံ မပြုံးတုံ့ လုပ်ကာ တစ်ပတ်တစ်ခါ တနင်္လာနေ့တိုင်း ရန်ကုန်ဆင်း၍ အစ်ကိုကြီးနှင့် ညှိနှိုင်းဆွေးနွေးပါ၊ ညီမလေးကို အားကိုးလို့ပါ၊ သည်အနုပညာကိစ္စမျိုးက ညီလေးလုပ်မှ ဖြစ်မှာမို့ပါ ဆိုပါလား။

အင်း. . ကဗျာလေးတစ်ပုဒ် ဖတ်ဖူးသည်။ ဘာတဲ့. . ။ သြော် သိပြီ၊ သိပြီ၊ မငြိမ်က နှင်းဆီဆိုတာ ဆူးနဲ့ပါလား၊ သည်တော့ကာ-

"သိသလိုလို၊ မသိသလိုလို၊ ကနခိုကို ပျားရည်နဲ့ မျိုလို့ရသည်"

(ဆရာဒဂုန်တာရာလေနှင့် ပြောရလျှင် ကျွန်တော်လည်း ထောင်လိုက် စကားပြေစပ်တတ်ပါသည်။)

သည်ကြားထဲ အပိုဆုအဖြစ် ဒီဇင်ဘာ ၁-ရက်နေ့၊ ကမ္ဘာ့ AIDS နေ့အမီ လက်ကမ်းစာစောင်၊ ပညာပေးစာစောင်တွေကိုလည်း လုပ်ပေးပါဦးဆိုတော့ ကျွန်တော်ကကော ဘာများ တတ်နိုင်ပါဦးမည်နည်း။ ထို့ကြောင့် ရန်ကုန်နှင့် ကျွန်တော်တာဝန်ကျရာမြို့ကို ရက်ကန်းရှယ်သလို ကူးချည်သန်းချည် ကုန်ချည်ခန်းချည်နှင့် လျှာအလျားသား ထွက်လုမတတ်။ ကျွန်တော့်ပါရမီဖြည့်ဖက်ကြီးကလည်း သူ့လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုးကလေးတွေအား ကိုးနှင့် အားပေးပါသည်။ ယောကျ်ားရေ တောင့်ထား၊ လင်းလုပါပြီ၊ ကမ္ဘာတစ်သိန်းလောက်ပဲ ကျန်ပါတော့သည်တဲ့။

AIDS နေ့မှာ ကျွန်တော်မြို့သို့ပြန်၍ မနက်ပိုင်းတွင် စက်ခေါင်းပြင်ရုံ၌ ဟောပြောပွဲလုပ်သည်။ ညနေပိုင်းမှာ ကျွန်တော့်အိမ်နောက်ဖေးက အိမ်တစ်လုံး မီးထလောင်သည်။ ကျွန်တော်အိမ်နှင့်ဆိုလျှင် ဆယ့်ငါးပေပင် မဝေး။ ဘာမှ မဆယ်နိုင်၊ မိန်းမနှင့် သမီးလက်ကိုဆွဲ၍ ဆင်းပြေးရသည်။ ဖိနပ်မပါ၊ မျက်မှန်မပါ၊ ဘောင်းဘီတို စွပ်ကျယ်နှင့်။ တော်သေးသည်။ ကျွန်တော့်အိမ်ကို မီးမကူး။

သို့သော် မိန်းမဆွဲကြိုး ပျောက်သွားသည်။ နောက်ဖေးက မီးစက်အစုတ်တစ်လုံး ဘယ်သူမသွားမှန်းမသိ။

တစ်ပတ်ပင် မပြည့်သေး။ အခု ကျွန်တော်က ရန်ကုန်ဆင်းဦးမည်။ မိန်းမမကျေနပ်တာ လွန်ပါသလား။ ကျွန်တော်လွန်ပါသည်။ သည့်အတွက် Put the blame on me။ ကျွန်တော့်အပေါ် အပြစ်တင်ချင်တင်ပါ။ ကျွန်တော်ကတော့ ဘာနဲ့မှမလဲနိုင်သော ချစ်သူငယ်ချင်းများကိုတွေ့ရန် ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်ပါ၏။

♦♦♦

ရထားက ၂-နာရီ နောက်ကျပြီး ရန်ကုန်ရောက်၏။ ဘူတာမှ မြို့တော်ခန်းမ ၄၅ ကားဂိတ်သို့လာစဉ်၊ သမီးအတွက် Jungle Book ကာတွန်းကား VCD တစ်ချပ်ဝယ်သည်။ ကြို့ကုန်းအမေ့အိမ်ရောက်တော့ အခွေကို စမ်းကြည့်သည်။ နောက်ဆုံးအခန်း တောတွင်းသားလေး မောဂ္ဂလိကို ဝက်ဝံကြီး ဘာလူးနှင့် သစ်နက်ကြီးဘာဂီးယားတို့က ထားခဲ့ပြီး ထွက်သွားသောအခါ သူတို့ဆိုသွားခဲ့သည့် ဇာတ်သိမ်းသီချင်းကို ကျွန်တော်သိပ်ကြားဖူး၏။ ဒါပေမယ့် အစဖော်လို့မရ။

သူငယ်ချင်းမ ခိုင်မာလာ့ဆီ ဖုန်းဆက်ပြီး အစီအစဉ်ပြောင်း၊ မပြောင်း မေးသောအခါ မပြောင်းဟု ပြောသည်။ ဒါပေမယ့်သူက-

"ဘုတ်ကလပ်မှာ ၆-နာရီစမှာ။ ဒါပေမယ့် နင်ကတော့ စောစောလာခဲ့"

"ဘာလုပ်ဖို့လဲ"

"မသိဘူး၊ နင့် အဆက်ဟောင်းတွေပေးတဲ့ အမိန့်ပဲ"

"ဘယ်သူလဲ"

"ရောက်တော့ သိလိမ့်မယ်"

မသိလျှင်တော့ ကျွန်တော်က လူပျိုကျောင်းသားဘဝတုန်းက ကိုဖိုးစွံကြီးပေါ့။ အမှန်က ကောင်မလေးတွေ ခိုင်းဖတ်ပါ။ အခုလည်း ဘာခိုင်းချင်လို့ရယ် မသိ။ ထို့ကြောင့် တရေးအိပ်ပစ်လိုက်၏။ ၃ နာရီထိုးမှ ရေမိုးချိုးပြီး အိမ်က ထွက်လာခဲ့သည်။

ကျွန်တော် ဘာနဲ့မှ မလဲနိုင်သော သူငယ်ချင်းတိုင်းလိုလို အက်(စ)အီး၊ ပါဂျရို၊ မာစီးဒီး၊ စူပါရှစ် စတဲ့ ကားတစ်မျိုးမျိုးလောက်တော့ ရှိကြသည်။ ဒါပေမယ့် သူတို့ချမ်းသာတာက သမာအာဇီဝလုပ်ငန်းနှင့် ချမ်းသာတာမို့ အလွန်ဆုံးပိုင်လျှင်

နှစ်စီးသုံးစီးပေ့ါ။ မယုံနိုင်လောက်သော မိစ္ဆာအာဇီဝများသုံးကာ မယုံနိုင်လောက်အောင် ချမ်းသာလာသူများလည်း ရှိပါသည်။ သူတို့မှာ အကျီအရောင်၊ ဖိနပ်အရောင် လက်ကိုင်ပဝါတို့နှင့် လိုက်ဖက်ညီအောင် စီးသောကားများရှိသည်ဟု ကြားဖူးသည်။ သို့သော် သူတို့မှာ ကျွန်တော့်လောက် ကားများများမရှိ။

ကျွန်တော်က ကားတစ်စီးကို တစ်ခါပဲစီးသည်။ နံပါတ်မကြိုက်၊ အရောင်မကြိုက်၊ ဒရိုင်ဘာမကြိုက်လျှင် မစီး။ ဟော. . လာပါပြီ။ မနွေးမမြန်မောင်းသော (၄၅) နံပါတ်နှင့် ကားတစ်စီး။ ကိုးနဝင်းကျေသော နံပါတ်။ နောက်ပြီး ယာဉ်မောင်းအပြင် ကျွန်တော့်ကို ရိုရိုသေသေ ကားတံခါးဖွင့်ပေးသော လူတစ်ယောက်ပင် ပါလိုက်သေး၏။ သူတို့ဘက်က သည်လောက်တောင် ရိုသေရိုကျိုးနေမှတော့ ကျွန်တော်ကလည်း ပြန်သိတတ်ရမှာပေ့ါ။ ထို့ကြောင့် ခရီးနီးနီး၊ ခရီးဝေးဝေး ဘယ်စီးစီး သူတို့အား ကျွန်တော်က အမြဲတမ်း ငွေနှစ်ဆယ်ကျပ်တိတိ ဆုချပေးသည်။

လှည်းတန်းရောက်တော့ ကျွန်တော်ဆင်းသည်။ ကားဆက်ထွက်သွားသည်။ သည်ကားကို နောက်တစ်ခါ ဘယ်တော့မှ ကျွန်တော်စီးတော့မည်မဟုတ်။ ကျွန်တော်က ဆေးထိုးပိုက်နှင့် အပ်သာမဟုတ် ကားကိုတောင် တစ်ခါသုံး ကားမှစီးသောသူ ဖြစ်၏။ (ကြီးကျယ်လှချည့် ထင်လိုက ထင်ပေရော့။) ဟိုတစ်ချိန် ဦးဆောက်ပန်းစာပေဟု သိခဲ့သော နေရာမှ စာအုပ်ဆိုင်မှာ စာအုပ်တစ်အုပ် ဝယ်သည်။ မောင်သိက္ခာ၏ 'ရေဆူလို့ ပွက်ကရော့ဟယ်'။ ထိုအချိန်ကတည်းကစတာ၊ ကျွန်တော့်ရင်ဘတ်ကြီးထဲတွင်လည်း နှလုံးခုန်သံတွေ ဆူညံလို့ ထွက်လာပါသည်။ ဒုတ်၊ ဒုတ်၊ ဒုတ်၊ ဒုတ် Lub dub, Lub dub။

အင်းစိန်လမ်းမကြီးကိုကူး၊ ပြည်လမ်းမကြီးကိုဖြတ်၊ ညာဘက်ပလက်ဖောင်းအစပ်မှ မြောက်ဘက်သို့ ဦးတည်လျှောက်ခဲ့သည်။ ကျွန်တော်ကျောင်းသားဘဝတုန်းက Me နှင့် Main ဆိုသော ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှစ်ခုသည် The same ဟု ဆိုရလောက်အောင် နီးကပ်ခဲ့ပါသည်။ တက္ကသိုလ်ရိပ်သာလမ်းတစ်ခုပဲ ခြားသည်မို့ ရွှေလမ်းငွေလမ်းခင်းကာ သူ့ကျောင်းက အလှဘုရင်မကိုယ်ပိုး၊ ကိုယ့်ကျောင်းက အလှဘုရားမကို သူလာပိုးလည်း Go ahead, ယောက်ဖရေ ပိုးသာပိုး၊ ရွာဘုရား ရွာသားမကြည်ညို၊ တို့ကတော့ တို့ကတော့ ဝေးဝေးကသာ ဆုတောင်းပေးမယ်ဆိုသလိုမျိုး စည်းလုံးခဲ့သည်။

သို့သော် ကျွန်တော်သည် နာမည်ကျော် ဦးချစ်လက်ဖက်ရည်ဆိုင်မှာ တစ်ခါသာ ထိုင်ဖူးပါသည်။ အင်ယားကန်ထဲကို ခဲလုံးလေးတွေနှင့် သွားမပေါက်ဖူးပါ။ RC ဘယ်နားရှိမှန်းမသိပါ။ ဂျပ်ဆင်ပေါ်မတက်ဖူးပါ။ ဟိုဘက်ခြံ

ထဲ မြက်ခင်းသည်သာ စိမ်းသည်မဟုတ်။ ကိုယ့်ခြံထဲက ခိုင်မာလာ၊ သီတာ၊ ဆွေဆွေ၊ ပင်မလာ၊ အက်(စ်)သာ၊ မိုးမိုးဆန်း စသော မြက်စိမ်းစိမ်းလေးတွေလည်း ဟိုဘက်ခြံထက် မညံ့အောင် စိမ်းပါသည်။ သူတို့စိမ်းသော်လည်း ကျွန်တော်ဖြူစင်ခဲ့ပါသည်။

ကျွန်တော်တို့ တွေ့ဆုံကြမှာက ဘုတ်ကလပ်ပေါ် ရွက်လှေအသင်းမှာ။ ထိုနေရာသို့ ကျွန်တော့်သူငယ်ချင်း ကျွန်းဆွယ်ရွက်လှေပြိုင်ပွဲ ရွှေတံဆိပ်ရှင် ထွန်းသိန်းခေါ်လို့ တစ်ခေါက်သာ ရောက်ဖူးပါသည်။ အင်းလျားလမ်းထဲကို ချိုးဝင်ပြီး အင်းယားကန်ကြီးကို မြင်မှ မနက်က Jungle Book ထဲမှ ဇာတ်သိမ်းသီချင်းကို သတိရအမှတ်ရလာသည်။ ဟုတ်တာပေါ့။ 'တစ်ကျော့ နှစ်ကျော့ တေးကိုသီ' ရုပ်ရှင်ထဲမှာ ကိုဝင်းဦး သီဆိုခဲ့သည့် 'ကျောင်းတုန်းက ကိုယ့်ရဲ့ချစ်ဆွေ' သီချင်းပဲ။

'ချစ်သူကွဲ× လွဲတော့သေ× အသည်းတွေကွဲ× ဝဲတဲ့မျက်ရည်× နန္ဒာကန်အင်းယားလည်း အသိပေ'တဲ့

ကျွန်တော်တို့ကျောင်းမှာတော့ အသည်းကွဲသူတွေဟာ အင်းယားနဲ့ မနီးစပ်လို့လား၊ အင်းယားထက် ထမင်းစား လက်မှတ်က ပိုအရေးကြီးနေလို့လား၊ နောင်တစ်ချိန်ချိန်မှာ တကယ်ပဲ အသည်းအစားထိုးပေးမယ့် လက်တွေ့သမားတွေမို့လို့လား၊ တခြားအကြောင်းတွေကြောင့်လား ဘာလားတော့ မသိ။ လွမ်းမျက်ရည်အပီ နွမ်းသက်သေတည်သည့် အင်းယားရေသီတာသမားများ မရှိဟု ထင်ပါသည်။

ကိုယ့်ချစ်သူကို မရလိုက်သူတိုင်းကိုသာ အသည်းကွဲသမားဟု သတ်မှတ်ရမည်ဆိုလျှင် (ကျွန်တော်လို) တစ်ဖက်သတ်သမား၊ နှစ်ရှည်လက်ရှည်တွဲချစ်ခဲ့ပြီး ခရီးဆုံးခါနီးမှ အပြီးအပိုင် လက်တွဲဖြုတ်လိုက်ကြသူများ၊ ဘာမှ မဖြစ်ခဲ့ကြဖူးသူများလို ရယ်ရယ်မောမော လက်ပြနှုတ်ဆက်ကျောခိုင်းသွားကြသော အသည်းကွဲ အများအပြား ရှိပါသည်။

သူတို့ဟာ အချစ်ဆိုသည်မှာ ဘယ်နေရာတွင်ရှိသည်ဟု စာအုပ်အထူကြီးများထဲတွင် ရေးမထား၊ မပါရှိတာကို သိထားသူတွေလား၊ ပြီးတော့လည်း ပြီးတာပါပဲဆိုသော မရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားတွေလား၊ နဖူးစာမင်ရည် အပျစ်အကျဲကို ယုံကြည်နေကြသူတွေလား၊ ဒါမှမဟုတ် (This too shall pass away) ဒါလည်း ပြီးသွားမှာပါဟူသော အတွေးအခေါ်တွေနှင့် ဒဿနသမားတွေလား။

ဒါပေမယ့် တစ်ခုတော့ ကျွန်တော်သေချာပါသည်။ ယုံကြည်ပါသည်။

နှစ်တွေ အများကြီးကြာခဲ့တာလည်း ပါမည်။ သူတစ်ပါး၏ ကယ်ပါယူပါ တစာစာ အသံတွေကို နေ့စဉ်နှင့်အမျှ အချိန်တိုင်းမှာ နားလျှံအောင် ကြားနေရသူများမို့ အရေခွံထူသွားတာလည်း ဖြစ်ချင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် အခုလို ပြန်လည် ဆုံစည်းကြသည့်ပွဲမျိုးတွင် အငြိုးတွေအတေးတွေနှင့်၊ အသည်းနု၊ သဘောနု၊ စိတ်နု၊ အရေပြားနုသူတွေတော့ ရှိမည်မဟုတ်ပါ။

အသက်ငါးဆယ်ကျော်မှ နှလုံးသားမြို့ဟောင်း တူးဖော်ချင်နေသေးလျှင်လည်း တူးဖော်ထားသည့်ကျင်းထဲ ဆင်းသာသေလိုက်ပေရော့။ ပြန်တွေ့ကြသည့် အခါ မငိုကြေး၊ မရယ်ကြေး၊ မစိမ်းကြေး၊ နွေးထွေးဆဲရှိနေနိုင်သည်မှာ ကျွန်တော် တို့ အများစုသည် Fate, Fatalism ဆိုသော ကံကြမ္မာကို မယုံကြည်ကြသူများ အဖို့ ဖြစ်၏။ ဆေးသမားတို့သိသော Fatal ဆိုသည်မှာ သေနိုင်သည်၊ စိုးရိမ်ရ သည်ဟူ၍ပင်။

သူမနှင့် ကျွန်တော်က အိမ်မှာကျန်ခဲ့သည့်ကျတော့ကော။ ဟဲ ဟဲ. . နေကန်းဒယ်နော်၊ အရင်အိမ်မှာပဲလား၊ ယောကျ်ားအသစ်ထပ်ရသေးလား၊ ဒါပဲပေါ့။ ‘ချစ်ဦးသူငယ်ချစ်ဟောင်းရဲ့ ပပမျက်နှာ၊ ဩော် ဘယ်လိုရှိပါလိမ့်’ ဟု လူးလှိမ့်လွမ်းနေစရာ မလိုတော့ပါ။ မရွှေခိုင်မာလာနှင့် တွေ့တိုင်းသူဖောက်သည် ချ၍ ထိုသူမ၏ သတင်းတွေ ကျွန်တော်သိနေပါသည်။ ဘယ်ကိုရွှေ့သွားပြီ၊ ဘာဘွဲ့တွေ ထပ်ရနေပြီ၊ ဘယ်လိုပုံပျက်နေပြီစသည် စသည်တို့။

ထိုအခါ ကျွန်တော်က အိပ်မှာကျန်ခဲ့သည့် ‘တာဝတိံ သာက နတ်သက် ကြွေလာသော My fair lady နှင့် နှိုင်းယှဉ်ကာ ငါ ကံကောင်းသွားတယ်၊ Grapes are fat မစားရတဲ့ သပျက်သီး စသည်ဟု နောက်တောက်တောက် ပြောနိုင်ခဲ့သည်မှာ အချိန်ကြောင့်လော အခြေအနေကြောင့်လော တစ်ခါမျှ မစောကြောမိခဲ့။

♦♦♦

“နင့်ကို စောစောလာပါလို့ မှာထားတယ်မဟုတ်လား သေနာရဲ့”

“မြန်မြန်လာ မြန်မြန်လျှောက်ဟေ့ မြေမပြိုဘူး၊ မန္တလေးသိန်းဇော် လို ရှုရှုကလေး လုပ်မနေနဲ့”

စူးစူးရှရှ ခပ်ထန်ထန် အမိန့်သံ။ သည်အသံမျိုး သိပ်ကြားဘူးတာပေါ့။ ဘယ်သူလဲ၊ ဩော်-မခင်မော်၊ ဗိုလ်မှူးကြီးမ စစ်သမီးပဲ၊ အိုဂျီမမကြီးပဲ၊ သည်လောက်တာ ရှိမှာပေါ့။ လုံးဝ မတွေ့ကြတာ ကြာပြီနော်၊ ရာစုနှစ်တစ်စိတ် စာလောက်တောင် ရှိသွားပြီ။ ပြန်တွေ့တော့လည်း ထင်ယောင်မြင်ယောင်ထား

တာနဲ့ တခြားစီပဲ။ နင် ဘာမှမပြောင်းသေးဘူး သူငယ်ချင်း။

သားဖွားမီးယပ်ပါရဂူ ဗိုလ်မှူးကြီး မမဆိုလို့ မျက်နှာပြပြ၊ အဆီရွှဲရွှဲ၊ ဗိုက်ခေါက်ထူထူ၊ ကုတ်ပိုးတက်တက်၊ မေးနှစ်ထပ်နှင့် ကျွန်တော်ထင်ထားသည်။ အခုတော့ ဘွဲ့ယူတုန်းက နောက်ဆုံးတွေ့ခဲ့ကြစဉ်က အတိုင်းပင်။ ဝမ်းသာလိုက်တာ။

နောက်တစ်ယောက်ကတော့ သူဌေးမကြီးခင်မေစု။ သူ့ကိုတော့ မကြာမကြာ တွေ့ဖူးလို့ သိပ်စိတ်မလှုပ်ရှားတော့။ အရပ်ရှည်ရှည် လျှာရှည်ရှည် ခင်မေစုသည် ကျောင်းသူဘဝတုန်းက ပဲတောင့်ရှည်လို၊ အခု ပဲလင်းမြွေသီးလို ရှည်ပြီး ဝဖြိုးနေ၏။ ခိုင်မာလာပြောတဲ့ နင့်အဆက်ဟောင်းတွေဆိုတာ ဒင်းတို့ နှစ်ယောက်ကိုး။ ဘယ်သူလဲလို့ ကြိုတင်ရင်ခုန်ခဲ့ရတာတွေ နှမျောလိုက်တာ။ အခု ရင်ခုန်ဖို့မပြောနှင့် တွေ့တွေ့ချင်း ကျွန်တော့်ရင်အုံကို ဆီးကစ်ကြပြီ။ နေနှင့်ဦး. . ငါ့အလှည့်ကျမှ။

"မခင်မော် သူငယ်ချင်း၊ နင် လုံးဝ လုံးဝကို ဘာဆိုဘာမှ ပြောင်းမသွားဘူး။ တကယ်ပဲ၊ တကယ်ပဲ သမီးနှစ်ယောက် အမေဆိုတာ ငါယုံကို မယုံဘူး"

ဗိုလ်မှူးကြီးမ ပီတိတွေဖြာအီးတွေပါ၊ ချေးတွေပါသွား၏။ ဝအောင် ပီတိဖြာလိုက်ဦး မရွှေစာ။ လာမယ်. . လာမယ်၊ ငါ့အကြောင်းသိတယ် မဟုတ်လား။

"နေဦး. . အခု နင့်ကိုငါက ဘယ်လိုခေါ်ရမှာလဲ။ ဗိုလ်မှူးကြီး၊ မမ၊ သူငယ်ချင်း၊ မခင်မော်၊ ဒါမှမဟုတ် ဟိုတုန်းကလိုပဲ အသည်းလေး၊ နှလုံးသားလေး၊ နင်ခေါ်စေချင်သလို ခေါ်ပါ့မယ်ဟာ။ ခဏလေး၊ ခဏလေးနော်၊ သည်လောက်တောင် အရွယ်နုနေမှတော့ နင် မခင်မော်အစစ်မှဟုတ်ရဲ့လား။ မခင်မော်ရဲ့ သမီးများလား၊ ဒါဆိုရင် သမီးလို့ပဲ ခေါ်မယ်နော်။ ဒါပေမဲ့ သမီး၊ အန်ကယ့်လ်ကို စိတ်နဲ့တောင် မပြစ်မှားရဘူးနော်"

"သေနာ သရဲစုတ် အယုတ်တမာ၊ ငါ့သမီးတွေကသည်မှာဟဲ"

သူ့ဘေးနားမှာ ဖြူဖြူချောချော အရပ်အလောတော်နှင့် မော်ဒယ်လ်ရှိတ်ကောင်မလေး နှစ်ယောက်က ပါးချိုင့်ကလေးများ၊ သွားတက်ကလေးများ ပေါ်အောင် ပြုံးနေ၏။ ခေတ်၏ သမီးပျိုများပီပီ တီရှပ်နှင့် ဂျင်းဘောင်းဘီနှင့်။ သူတို့အနားမှာက အဖေတူ အမေတူ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် မလေးဘွိုင်းသန်းနိုင်ပုံစံ၊ ခင်မေစု၏ သားက ရစ်သီရစ်သီ။

"ဟား ဟား၊ မင်း ဘာအကြံရှိတယ်ဆိုတာ အန်ကယ်လ်တို့က သိပ်သိသပေါ့၊ ဒါပေမယ့်ကွာ မင်းပုံစံ မင်းလုပ်နေပုံက ရှက်သလိုလို ရွံ့သလိုလို။

မင်းကိုယ်မင်း ခင်မေစုသားပါလို့ မပြောနဲ့ကွာ။ မင်းအမေ ကျောင်းသူဘဝက ဘယ်လိုလဲလို့ မင်းကို ပြလိုက်စမ်းချင်တယ်။ မင်းနဲ့အန်ကယ်နဲ့ ၁၅ မိနစ်တည်း နေရာချင်းလဲလိုက်စမ်း။ မင်းတို့ကောင်တွေ အားလုံးဖျားသွားမယ်။

"ဟဲ့ အကောင်စုတ်၊ အခုနင်က နင်နဲ့မတန်ရာ ကောင်မလေးငယ်ငယ် လေးတစ်ယောက် ယူထားတယ်ဆို"

"အေးလဟာ၊ ငါ့ဘုန်းကံကြောင့် နန္ဒာလှိုင်လို နတ်သမီးလေးတစ်ပါး နတ်သက်ကြွေလာရတာပေါ့"

မခင်မော်က အိုဂျီပီသစွာ ယောကျ်ားဆဲနည်းဖြင့် ဆဲပါသည်။ ခင်မေစု က ကျွန်တော်ဝက်သားပင် မစားချင်လောက်အောင် သူ့သွားဖုံးနီနီရဲရဲကြီးများ ဖော်၍ ပြုံးရယ်နေ၏။ (ဟဲ ဟဲ။ အဲ့သည်လို ကိုယ့်ကိုယ်ကို လီယိုနာဒိုဒီကပ်ပရီယို လုပ်ချင်လျှင် ကိုယ့်ဝတ္ထု ကိုယ်ရေးကြပါခင်ဗျာ။)

အမှောင်သည်းလာသည်နှင့် တဖြည်းဖြည်း ငယ်ပေါင်းတွေ စုံလာသည်။ ဒါပေမယ့် ရောက်လာသူတွေက တစ်တန်းလုံး၏ တစ်ဝက်ပင်မရှိ။ ပြည်ပရောက် နေသူ၊ ခရီးလွန်နေသူ၊ နယ်စွန်နယ်ဖျားသို့ ရောက်နေသူ၊ မသိကြသူ၊ အကြောင်း ကြောင်းကြောင့် မလာရောက်နိုင်သူ၊ ကွယ်လွန်သွားကြသူ၊ အတိတ်ကို စိတ်နာ လျက် ပစ္စုပ္ပန်မှာပဲနေချင်သူတွေကတော့ ပေါ်မလာကြ။

ပြည်ပရောက်နေသူတွေထဲက ထူးအောင်တစ်ယောက်ကတော့ ဒီရောက်သည်နှင့် ကြုံကြိုက်၍ လာတက်သည်။ သူနှင့်အတူ အသားဖြူဖြူ ဆံပင်နက်နက်၊ မျက်လုံးနက်နက်၊ မြန်မာဝတ်စုံ ဝမ်းဆက်နက်နက်၊ နှာခေါင်း ချွန်ချွန်နှင့် သမီးအရွယ် နိုင်ငံခြားသူလေးတစ်ယောက်ပါ ပါလာသည်။ ဘာတော် သလဲ မမေးကောင်း၍ မမေးသော်လည်း သိသာပါသည်။ လေးစားပါတယ်၊ ရဲဘော်ထူးအောင်။

မိတ်ဆုံစားပွဲတို့၏ ထုံးစံသောက်သူက သောက်၊ စားသူက စား၊ စကားများသူက များ၊ တစ်ဝိုင်းပြီးတစ်ဝိုင်း လမ်းသလားလျက် ဟေးလားဝါးလား သမားများကလည်း မရှား။ ကျွန်တော်မသောက်တာကိုတော့ အံ့သြကြသည်။ ဘာကြောင့်ဆို ကျွန်တော်က နာမည်တစ်လုံးနှင့်လူ။ တစ်ချိန်က ရာဇဝင်ထဲမှာ မောင့်ကိုထားခဲ့ခံရပြီး နာဋ္ဌာဂီရီနှင့် ပူးတွဲချန်ပီယံရထားသူ ဖြစ်၏။ အခုတော့ အရင်တုန်းက အချိုးမျိုးပြင်ကာ လိမ္မာပါ့မယ်ဟု တစ်ယောက်သောသူအား ကတိစကားထားပြီးသားမို့ မသောက်တာကို မင်္ဂလာယူနေသည်ဟူ၍ မထင်ကြ စေလို။

ကျွန်တော့်လိုပဲ လုံးဝပြောင်းလဲသွားသူတို့သည်လည်း မရှား။ ဥပမာ

ကျောင်းသားဘဝက အလွန်စာတော်သော၊ ချမ်းသာသော၊ ဥပဓိရုပ်လွန်စွာကောင်းသော၊ လှျမ်းလှျမ်းတောက် ရဲဘော်သုံးကျိပ်ဝင် တစ်ယောက်၏သားဖြစ်သော ဆိုရှယ်ကျသော (အပေါင်းအသင်းဆန့်ခြင်း၊ ပျော်ရွှင်တတ်ခြင်းကိုသာ ဆိုလိုသည်။) နှမတွေ အချစ်တော် ခေတ်လူပျိုကလေးသည် အခုထက်ထိ လူပျိုကြီးပါတဲ့။ မိန်းကလေးထဲက သူ့လိုပဲချောမောချမ်းသာ၊ ထက်မြက်သော ဒေါက်တာ တင်ခိုင်မြင့် (၁၉၇၁ ခုနှစ် ၆ ဘာသာဂုဏ်ထူးရှင်ကလည်း ) ကလည်း အပျိုကြီးဟူ၏။

ကျောင်းသားဘဝတုန်းက ဝတ်ပုံစားပုံ ပြောပုံဆိုပုံ အလွန်ရိုးပြီး (တောသားကလေးဟုပင် အမည်တွင်ခဲ့သည့်) သူငယ်ချင်း ကလေးအထူးကု ဆရာဝန်ကြီးသည် ဟော့ရှော့(ပ) ဝတ်လာ။ ကာရာအိုကေသီချင်းတွေ ဆိုကြတော့ သူက 'သီချင်းရှင်ကို ကြင်နာပါ'တဲ့။ ကိုကိုင်ဇာရေ ခင်ဗျားကို အားနာလိုက်တာဗျာ။ ဒင်းကတောင် သည်လိုဆိုတော့ ကျွန်တော်လည်း ဘယ်နေနိုင်ပါလိမ့်။

အဘိုးတို့က ဒါမျိုးဆို လက်ဖက်ထက် ကြိုက်သေးသည်ကပဲ။ ကျောင်းသားဘဝတုန်းကဆိုလျှင် ကျွန်တော်သည် နေရာတကာ စပ်စပ် စပ်စပ် ဝင်ပါသော ပေါ်ပြူလာတွေထဲက ပေါ်ပြူလက်(စ) ဖြစ်ခဲ့ပြီး သည်ပွဲကျမှ ညံ့ရတော့မည်လား။ ထို့ကြောင့် သောက်ရှက်နည်းသောလူ 'မိုက်' (Mike) ပေမို့ မိုက်တစ်လုံးသွားဆွဲကာ ကဲလိုက်ကြစို့ သူငယ်ချင်းတို့။ သီချင်းဆိုတာက မြက်ခင်းပြင်ပေါ်မှာ ကြိုးမဲ့မိုက်နှင့် ဖြစ်သည်။

'ခုဆိုမယ့် သီချင်းက ယုံပါ ရင်သို့ တိုးဝှေ့ဆဲပါခိုင်. . အဲအဲ'

ကျွန်တော်ရပ်နေတာက ခိုင်မာလာတို့ ဝိုင်းနားဖြစ်သည်။ သူငယ်ချင်းမက 'ဒိုင်း' ခနဲ စူးခနဲ မျက်စောင်းသာမက လက်ဝါးပါ ထောင်ပြသည်။ သြော်. . ခိုင်၊ ခိုင်၊ ခိုင်ရဲ့ မျက်စောင်းတစ်ချက်တိုင်းသာ မြားတစ်စင်းဖြစ်မယ်ဆိုရင် တို့ရဲ့ ရင်ဘတ်ကြီးဟာ ခုချိန်မှာ ပျားသလက်တစ်ချပ်ရယ်ပေါ့။

"ဒါပေမယ့် ရင်ဘတ်ကြီးထဲက တောင်းဆိုချက်အရ တစ်ပြည်သူမရှေ့ထား . . ထား"

ကျော်စွာတို့ ခံလိုက်ရပြန်ပြီ။ ကျွန်တော်ရဲ့ ဆုတ်ပြန်လန်ကျခဲ့လေသော တစ်ဖက်သတ် အချစ်ဇာတ်လမ်းကို သိထားသူတွေ၏ လှောင်ပြောင်ချက်အရ သီချင်းပြောင်းလိုက်ရပြန်သည်။ အလှ၏သစ္စာ။ ဘာနဲ့မှ မလဲနိုင်သော သူငယ်ချင်းအတွက် ဘာနဲ့မှ မလဲနိုင်သော ကျွန်တော့်၏အနုပညာ။

"ကိုယ့်အဖို့မှာကား×အလှတရား×ကိုယ့်အနုပညာပါ× ကိုယ့်ရဲ့ ခံစားမှုများ× ကိုယ့်ဖန်တီးမှုများသာ×အမတေပေါက်ဖွား×ကျောက်သားတို့ အစဉ်ခိုင်မာ×

မြင့်မြတ်သော အလှရဲ့သစ္စာပါ”

အခုအချိန်မှာတော့ ကျွန်တော့်အဖို့ အနုပညာသည်သာ ကျွန်တော် တန်ဖိုးထားသော အလှတရားဖြစ်ပါသည်။ မကောင်းတတ်၍လော နည်းနည်း လောက် ကောင်းနေ၍လော၊ လက်ခုပ်သံ အနည်းအကျဉ်းလောက်တော့ ထွက်လာပါသည်။ ဒီကောင် ဖီလင်ဝင်၍ ကောင်းနေဆဲ မိုက်တစ်လုံးကိုင်၍ ခင်မေစု အနားသို့ ရောက်လာ၏။ နင်နဲ့ငါ စုံတွဲသီချင်းတစ်ပုဒ်လောက် ဆိုမယ် တဲ့။

သွားပြီ၊ ဒီကောင် အငိုက်မိခံလိုက်ရပြီ။ သာသနာဖျက်မ၊ ကျောင်းကြီး ဖျက်မ။ သိတာပေါ့။ ဒါ မခင်မော် မြှောက်ပေးလိုက်တာ၊ အလစ်မှာ ချက်အောက် ကို ‘ကစ်’ထည့်လိုက်တဲ့ ကန်ချက်။ သူ့အရပ်က ထန်းပင်လောက်၊ ကျွန်တော့် အရပ်က ဒူးယားအစီရင်ခံလောက်။ သီချင်းက ရှေးကုသိုလ်၊ မတတ်နိုင်၊ အားလုံး ကလည်း ဟားချင်လှ၍ နားဆင်လိုကြပါသည် ဆိုသောကြောင့် . . တောက်. . မိုးကောင်းတုန်းတော့ ရွာထားဦးပေါ့ ခင်မေစုရယ်။

မန်းစိုးသိန်း၏သမီး အဆိုတော်အသစ်ကလေး သင်းသင်းဆိုလား၊ သူကလေးနဲ့ဆို တော်သေး။ အခုတော့ ခင်မေစုရယ် နင့်သောက်ရုပ်ကြီးကို ကြည့်ပြီး ဘယ်လိုလုပ် ငါက ဝေဇယန္တာ နန်းပြဿဒ်က မိုးနတ်မယ်လို့ ဆိုရမှာတုန်း၊ ဒါကြီးကို ‘ရှုတိုင်းလည်း ယဉ်ပေတယ်’ လုပ်ရဦးမယ်။ ပြီးတော့ ဘယ်လိုဖီလင်နဲ့ ငါက ‘ဝင်းပပလှသူလေးရယ် ချစ်တော့မယ်’ လို့ ပြောရမှာလဲ။

သီချင်းဆုံးတော့ တအုံးအုံး တဝုန်းဝုန်း လှောင်လို့မဆုံး ပြောင်လို့ မဆုံး။ ရှက်ရှက်နဲ့ လက်ထဲက မိုက်ကို နီးရာလူလက်ထဲထည့်ပေးလိုက်ကာ နောက်ကို လူမိုက်မလုပ်တော့ပါဘူးခင်ဗျာ”။ နီးရာခုံတစ်ခုံမှာ ဝင်ထိုင် လိုက်မိသည်။

“မင်း အခု ဘယ်မှာနေလဲ”

“လက်ပံတန်းမှာ မင်းကော”

ဩော်. . ကျွန်တော့်ကို မေးလိုက်တာ ‘သူ’ပါလား။ သူဆိုသည်မှာ အခုန ‘တစ်ပြည်သူ မရွှေထား’ သူမ၏ ပန်းကုံးစွပ်ခံရသူ ဖြစ်သည်။ ဒါပေမယ့် သူသည်လည်း သူမနှင့် မပေါင်းဖက်ဖြစ်။ ထိုစဉ်တုန်းကတော့ သူနှင့် ကျွန်တော် အုပ်စုချင်းပြိုင်ဘက်၊ တစ်ဦးချင်းပြိုင်ဘက်တွေ ဖြစ်ခဲ့ကြသည်။ နောက်တော့ ပြီးတော့လည်း ပြီးတာပါပဲ။ ထိုမျှမက သူနှင့်ကျွန်တော်သည် တစ်ချိန်မှာ ‘ငါ့ နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်’ အတူယှဉ်ဖက် တာဝန်ထမ်း ဆောင်ခဲ့ကြသည်။

ထို့နောက် ပျော်ပွဲရွှင်ပွဲ ဆုပေးပွဲ လက်ဆောင်လဲပွဲ ကျင်းပသည်။ ထိပ်အပြောင်ဆုံးဆုကို စကြာစိုး၊ ဗိုက်အရွှဲဆုံးဆုကို ရဲမြင့်၊ အရွယ်အတင်ဆုံး ဆုကို ဆွေဆွေဝင်းတို့ ရရှိကြသည်။

လက်ဆောင်တွေ လဲကြသောအခါ တချို့ တော်တော် ကြုံကြုံဖန်ဖန် နောက်သည်။ မျိုးမင်းခေါင်က ဈေးထဲမှာ မရမက သွားရှာဝယ်ထားသော ကြွေရည်သုတ်သေးအိုးကြီးကို ပါကင်လှလှ အထုပ်ထုပ်ပြီးပေးသည်။ ရသွားသူက သူ့အခင်ဆုံး သူငယ်ချင်းရဲမြင့်။ ကျွန်တော်ကလည်း တီရှပ်တစ်ထည်နှင့် ရှာထိုး ဦးထုပ်တစ်ဦးပေး၏။ ထိုအထုပ်ကို အလွန်လူကြီးဆန်၊ ခေတ်ဆန်သော ကိုစန်းရွှင်ကြီး ရသည်။ ဒါပေမယ့် သူဘယ်နေရာမှာမှ ဝယ်ရဲမည်မထင်။ လမ်းထွက်ရင်လည်း ဝတ်လို့မရ။ ဂေါက်ရိုက်ရင်တောင် ဝတ်လို့မရ။ အဘယ်ကြောင့်ဆိုသော် တီရှပ်ပေါ်နှင့်ဦးထုပ်ပေါ်တွင် "AIDS ရောဂါ ကြုံတွေ့သူ၊ စာနာကြည်ဖြူ လက်တွဲကူ" ဟူသော စာတန်းကြီးက ထင်းနေအောင်ပါ၍ပင်။

သင်းနွယ်နီက က၍အားလုံးမြနန္ဒာသီချင်းကို ဝိုင်းဆိုကာ ည ၁ နာရီ လောက်တွင် ပွဲသိမ်းသည်။ သင်းနွယ်နီဆိုသည်မှာ ကျွန်တော်တို့ ဆေး(၁)ဇွဲအငြိမ့် ၏ နာမည်ကြီးမင်းသမီး၊ ကျွန်တော်က လူရွှင်တော်ငှက်ခါး၊ အခုတော့ မင်းသမီး လည်း သွားဖုံးရောဂါကြောင့် အပေါ်သွားတွေ မရှိတော့။ တရားကျစရာ။

♦♦♦

အိမ်ပြန်ရောက်တော့ ကျွန်တော်ချက်ချင်းအိပ်မပျော်ပါ။ အတွေး စားမြုံ့ပြန်ရင်းနှင့် ပျော်သလိုလို၊ လွမ်းသလိုလို။ လာပါပြီ၊ ကျွန်တော့် ခံစားမှုများ နှင့် ကျွန်တော့်အနုပညာ။

သည်ပွဲမှာ ကျွန်တော်အလွန်တွေ့ချင်ပြီး တွေ့ခွင့်မရသူတွေကို လွမ်းပါ သည်။ ဘွဲ့ရပြီးသည်နှင့် ကင်ဆာရောဂါကြောင့် လူ့ပြည်ကို စာလာကျက်ကာ ပြန်ထွက်သွားသော ခင်ခင်ဝင်း၊ ကျွန်တော်နှင့် တွဲဖက်အမိဆုံး ရေနှစ်သေဆုံးသွား သူ ခင်ကျော်၊ ဖဲရိုက်ဘက် အမေရိကန်ပြည်ရောက် ခင်မောင်ဝင်း၊ ကျွန်တော် အချစ်ဆုံး၊ အခင်ဆုံး ရွှေဇင်ထွန်း၊ စိုးနောင်၊ နေမျိုးအောင်၊ ထွန်းသိန်း။

ထို့ကြောင့် လွမ်းတော်မူလို့ ဤစာကို စီပါသည်။ ထို့အတူ ကျွန်တော် ချစ်သော ဘာနဲ့မှ မလဲနိုင်သော သူငယ်ချင်းတွေ ဤစာကို ဖတ်မိလျှင် လွမ်းတော် မူဖို့လည်း ဖြစ်ပါသည်။ သူငယ်ချင်းတို့။

သက်ထွန်း (ဆေးသိပ္ပံ)

အနော်မာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၅